# ၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ်

# တနင်္သာရီတိုင်းဒေသကြီး၏

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ

# အချက်အလက်များ

2017-2018
Citizen's Budget



ပြည်ထဲရေး

MOPF

MOEE

MOALI

MONREC

Cover Design - Shwe Pouk (MKT)

# တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ

# (Citizen's Budget)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ

ထုတ်ဝေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥယျောဇဉ် | ၁ |
| ၂ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ | ၂ |
| ၃ | Citizen' s Budget စာစောင်ဆိုတာဘာလဲ | ၃ |
| ၄ | ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရ ကောက်နုတ်ချက်များ | ၄-၇ |
| ၅ | ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ(၃)မျိုး | ၇ |
| ၆ | ဘတ်ဂျက်စက်ဝန်း (Budget Cycle) | ၈ |
| ၇ | ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတင်သွင်းခြင်း | ၉ |
| ၈ | တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အတည်ပြုခြင်း | ၁၀ |
| ၉ | နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework – MTFF) | ၁၁ |
| ၁၀ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ တနင်္သာရီ တိုင်းဒေသကြီး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ၁၂ |
| ၁၁ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ တနင်္သာရီ တိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်များနှင့် GDP အချိုး | ၁၂ |
| ၁၂ | နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ | ၁၃-၁၄ |
| ၁၃ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ | ၁၅ |
| ၁၄ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များ | ၁၆ |
| ၁၅ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဗဟိုအဖွဲ့အစည်းများနှင့် ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေလျာထားချက်များ | ၁၇-၁၈ |
| ၁၆ | ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော ထောက်ပံ့ငွေများ | ၁၈ |
| ၁၇ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစု | ၁၈ |
| ၁၈ | တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရငွေရရှိနိုင်မှု ခန့်မှန်းရာခိုင်နှုန်း | ၁၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၉ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ | ၁၉ |
| ၂၀ | တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်း အသုံးစရိတ်နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများ အား ခွဲဝေပေးထားသည့်အသုံးစရိတ်ရာခိုင်နှုန်း | ၂၀-၂၁ |
| ၂၁ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်၏ စုစုပေါင်းအသုံးစရိတ်ပေါ် တွင် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း | ၂၂ |
| ၂၂ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ် တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများစာရင်း | ၂၃ |
| ၂၃ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ် တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေ | ၂၄ |
| ၂၄ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၅ |
| ၂၅ | တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်မှတ်တမ်း | ၂၅ |
| ၂၆ | တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့ပြ၊ ကျေးလက် စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထား ချက် | ၂၆ |
| ၂၇ | စည်ပင်သာယာရေးအဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်မှတ်တမ်း | ၂၆ |
| ၂၈ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၇ |
| ၂၉ | တိုင်းဒေသကြီးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်မှတ်တမ်း | ၂၇ |
| ၃၀ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်ဒေသ၊ မြိတ်ဒေသ အငှားအိမ်ရာစီမံကိန်း ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက် | ၂၈ |

# ဥယျောဇဉ်

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ၂၉-၃-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေအမှတ် ၃၇/၂၀၁၇ ဖြင့် အတည်ပြုခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပါသည်။

ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း အလေအလွင့်မရှိ၊ ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန် အလို့ငှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

အသုံးစရိတ်များကိုသုံးစွဲရာတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲ သုံးစွဲလျှက်ရှိပါသည်။

**" ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်"** ဟူသော မူဝါဒနှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာဖော်ပြပေးမည့် **တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget)** ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤစာစောင်အား ဖတ်ရှုခြင်းဖြင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၊ တိုင်းဒေသကြီးမှ ကောက်ခံရရှိသော ရငွေများအခြေအနေကို နားလည်သဘောပေါက်ကြမည်ဟု မျှော်လင့်ပါကြောင်းနှင့် နှစ်စဉ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

ဒေါက်တာလဲ့လဲ့မော်
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (      ) ရက်

## ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ

၁။ ဘတ်ဂျတ်မရေးဆွဲမီ ဖော်ပြချက်
(Pre-Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ
(Executive's Budget Proposal)

၃။ ဥပဒေပြဋ္ဌာန်းသည့် ဘတ်ဂျက်
(Enacted Budget)

၄။ နိုင်ငံသားများအတွက် ဘတ်ဂျက်
(Citizen's Budget)

၅။ နှစ်အတွင်း အစီရင်ခံစာ
(In-Year Report)

၆။ နှစ်ဝက်သုံးသပ်ချက်အစီရင်ခံစာ
(Mid-Year Reviews)

၇။ နှစ်ပတ်လည် အစီရင်ခံစာ
(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ
(Audit Report)

ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန် ထုတ်ပြန်ရမည့် စာစောင် (၈)စောင်အနက် တစ်စောင်အပါအဝင်ဖြစ်သော နိုင်ငံသားများအတွက်ဘတ်ဂျက် (Citizen's Budget) စာစောင် ဖြစ်ပါသည်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့် ဘတ်ဂျက်ပွင့်လင်း မြင်သာမှုရှိစေရေးအတွက် ဤစာစောင်အပါအဝင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများ၊ စာစောင်များနှင့် အစီရင်ခံစာများကိုလည်း ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထုတ်ပြန် လျှက်ရှိပါသည်။

## Citizen's Budget စာစောင်ဆိုတာဘာလဲ..?





# ရသုံးခန့်မှန်းခြေငွေစာရင်း




## ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက်

### ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)

တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍၊ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည်စသဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်း ဖြစ်သည်။

### ဘဏ္ဍာရေးနှစ် (Fiscal Year-FY)

နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့အထိ ဖြစ်သည်။ ယခုလက်ရှိတွင် ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ပြောင်းလဲသတ်မှတ်သွားရန် စီစဉ်လျက်ရှိပါသည်။

### သာမန်ရငွေ (Current Revenue)

သာမန်ရငွေတွင် အောက်ပါရငွေများ ပါဝင်ပါသည်-

၁။ ပစ္စည်းများရောင်းချခြင်းနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့် အခြားရငွေများဖြစ်သည့် သာမန်ရငွေများ၊
၂။ တည်ဆဲဥပဒေအရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက စီမံကြီးကြပ်ကောက်ခံပေးရသည့်အခွန်အကောက်ငွေများ၊
၃။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသော အတိုးရငွေများ၊
၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေအဖြစ် ပေးသွင်းရသည့် ထည့်ဝင်ငွေများ၊
၅။ သာမန်အသုံးစရိတ်အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။

**သာမန်သုံးငွေ (Current Expenditure)** သာမန်သုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ပါသည်-

၁။ နှစ်စဉ်ကုန်ကျရသည့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေများ၊ ဧည့်ခံကျွေးမွေးစရိတ်၊ သီးသန့် အသုံးစရိတ်များ၊

၂။ ပင်စင်လစာငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ၊

၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်၊ ပေးဆောင်ရမည့်ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ထည့်ဝင်ငွေများ၊

၄။ နိုင်ငံခြားအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များနှင့် စည်ပင်သာယာရေးအဖွဲ့များသို့ ထောက်ပံ့ငွေများ၊

၅။ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအပေါ်တွင် ပေးချေရသော ပြည်တွင်းအတိုးပေးငွေများနှင့် ပြည်ပကြွေးမြီပေါ်တွင် ပေးချေရသော အတိုးငွေများ။

**ငွေလုံးငွေရင်းရငွေ (Capital Revenue)** ငွေလုံးငွေရင်းရငွေတွင် အောက်ပါရငွေများ ပါဝင်ပါသည်-

၁။ မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများလက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများပြန်လည်ရရှိသည့် ရငွေများ၊

၂။ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။

**ငွေလုံးငွေရင်းသုံးငွေ (Capital Expenditure)** ငွေလုံးငွေရင်းသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ပါသည်-

၁။ လုပ်ငန်းစီမံကိန်းများချမှတ်၍ ငွေပင်ငွေရင်း မြှုပ်နှံလုပ်ကိုင်ရသည့် ကုန်ကျစရိတ်များ၊ (ဥပမာ- စက်ရုံ၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦများဆောက်လုပ်ခြင်း၊လမ်းတံတားနှင့် ဆည်မြောင်းများတည်ဆောက်ခြင်း စသည့် တည်ဆောက်ရေးလုပ်ငန်းများ)

၂။ လက်ရှိ ရှိပြီးမတည်ပစ္စည်း၊ လမ်း၊ အဆောက်အဦ၊ ဆည်မြောင်း စသည်တို့အား တိုးတက်ကောင်းမွန်လာစေရန် ထပ်လောင်းဖြည့်စွက်သည့် ကုန်ကျစရိတ်များ၊

၃။ စက်ရုံအလုပ်ရုံများအတွက် စက်ပစ္စည်းများဝယ်ယူခြင်း၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် မီးရထားစက်ခေါင်းများ၊ လူစီးတွဲများစသည်တို့ဝယ်ယူခြင်း၊

၄။ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူခြင်းတို့အတွက် ကုန်ကျစရိတ်များ၊

၅။ စက်တပ်ဆင်စရိတ်စကများ၊ မြေလျော်ကြေးများစသော အခြားအသုံးစရိတ်များအတွက် ကုန်ကျစရိတ်များ။

### ကြေးမြီရငွေ (Financial Revenue)

ကြေးမြီရငွေတွင် အောက်ပါရငွေများ ပါဝင်ပါသည်-

၁။ ပြည်တွင်းမှ ချေးယူငွေအတွက်ရငွေများ၊

၂။ ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊

၄။ စုဆောင်းငွေများ။

### ကြေးမြီသုံးငွေ (Financial Expenditure)

ကြေးမြီသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ပါသည်-

၁။ ပြည်တွင်းကြေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက်အသုံးစရိတ်၊

၂။ ပြည်ပကြေးမြီ ပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ(ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့်အသုံးစရိတ်)၊

၄။ စုဆောင်းငွေများ(ငွေစုလက်မှတ်များဖြင့် စုဆောင်းငွေအပေါ် ပြန်ထုတ်ငွေများ)။

### မူလခန့်မှန်းခြေ Budget Estimate (BE)

ဘဏ္ဍာရေးနှစ်မတိုင်မီ(၆)လခန့်မှစတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်း ဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများဖြင့် အတည်ပြု ပြဋ္ဌာန်းသည်။

### ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant (SG)

အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်း ခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေလုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ရန်ပုံငွေကို ခေါ်ပါသည်။

### ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate (RE)

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက်ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (RE = BE + SG – လျော့နည်းသုံးစွဲငွေ) ဖြစ်ရပါမည်။

### ယာယီအမှန်စာရင်း Temporary Actual (TA)

ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်နှင့် နှစ်ပတ်လည်ကာလအလိုက် ရရှိသည့် ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်မပြုရသေးသည့် စာရင်းဖြစ်ပါသည်။

### ရှေ့ပြေးအမှန်စာရင်း Provisional Actual (PA)

ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေ ပိုလျှံရန်ပုံငွေ General Reserve Fund (GRF) နှင့် သီးသန့်ရန်ပုံငွေ (Reserve Fund)များမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှမသုံးစွဲဖြစ်၍ ပိုလျှံငွေပြန်လည် အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။ PA = RE + GRF – Surrender (ပိုလျှံငွေပြန်အပ်ခြင်း)။ အသုံးစရိတ်သည် BE + SG + GRF + အရေးပေါ်ရန်ပုံငွေထက်မပိုရပါ။ (အရေးပေါ်ရန်ပုံငွေရှိပါက ပေါင်းရမည်။)

### အမှန်စာရင်း Actual (A)

ရှေ့ပြေးအမှန်စာရင်း ဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ် ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့် အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိအတည်ပြုပြီးသောစာရင်း ဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။

**ရသုံးမှန်းခြေငွေစာရင်း (Budget) ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ (၃)မျိုး**

၁။ ရငွေသည် သုံးငွေထက်များပါက ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Surplus Budget)




၂။ သုံးငွေသည် ရငွေထက်များပါက လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget)




၃။ ရငွေနှင့် သုံးငွေညီမျှပါက ဘက်ညီရသုံးခန့်မှန်းခြေငွေစာရင်း (Balanced Budget)




**မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (Budget) မှာ လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း (Deficit Budget) ဖြစ်သည်။**

## ဘတ်ဂျက်စက်ဝန်း (Budget Cycle)



## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတင်သွင်းခြင်း

၁၉၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်၊

(ခ) ပုဒ်မခွဲ (က)ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှရရှိသည့် ဘဏ္ဍာငွေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်း အဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သောကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊

(၄) တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန် ရှိသော အသုံးစရိတ်များ၊

(၅) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေ တစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းမပြုရ။

၁၉၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၏ ရငွေသုံးငွေလျာထားချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများ နှင့်အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

# တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အတည်ပြုခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမည့် ဘောင်ကိုသတ်မှတ်၍ ဘတ်ဂျက် အဆိုပြု လျာထားချက်များ တောင်းခံသည်။




၂။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အဆိုပြုလျာထားချက်များကို တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များ၏ အတည်ပြုချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သည်။




၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိလာသော တိုင်းဒေသကြီး/ပြည်နယ်များ၏ အဆိုပြုလျာထားချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပဏာမစိစစ်သည်။




၄။ လိုအပ်ချက်များကို စိစစ်ပြီးနောက် ဒုတိယသမ္မတထံ တင်ပြသည်။

၅။ ဒုတိယသမ္မတက စိစစ်အတည်ပြုပြီးနောက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုငွေအတွက်ဖြည့်ဆည်းပေးရမည့်ပမာဏနှင့်အထူးကိစ္စရပ်များအတွက် ထောက်ပံ့ ပေးရမည့်ပမာဏ တို့ကိုဖော်ပြ၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည်။



၆။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံ၍ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထာင်စုလွှတ်တော်က အတည်ပြု သည့်အခါ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်သို့ တင်သွင်းသည်။ (ပြည်ထောင်စု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးနောက်ပိုင်း)



၇။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ဥပဒေနှင့်အညီ ဆွေးနွေး အတည်ပြုပြီးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ပြဋ္ဌာန်း သည်။ (တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှ အတည်ပြုပြီးနောက်ပိုင်း)



# နှစ်လတ်ဘဏ္ဍာရေးမူဘောင်
# (Medium Term Fiscal Framework – MTFF)

ဘတ်ဂျတ်ရေးဆွဲရာတွင် ယခင်နှစ်များ၏ ရငွေ၊ သုံးငွေများကို အခြေခံရေးဆွဲခြင်းသာမက လာမည့်နှစ်များအတွက် ကြိုတင်ခန့်မှန်းခြင်းသည်လည်း အရေးကြီးပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ် (၃)နှစ်အတွက် ရငွေနှင့် အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရန် နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် စတင်စမ်းသပ်ကျင့်သုံးခဲ့ပါသည်။ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်၏ ရငွေ၊ သုံးငွေများအပေါ် အခြေခံပြီးလက်ရှိနှစ်အတွက် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသော မူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF)ကို ခန့်မှန်းရေးဆွဲပါသည်။

## ရည်ရွယ်ချက်

(က) ဘဏ္ဍာငွေအရအသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးစပ်စွာခန့်မှန်းနိုင်ရန်၊

(ခ) ရရှိနိုင်မည့် အရင်းအမြစ်စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၎င်းအပေါ်မူတည်၍ ဌာန၊ အဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေချထားပေးရန်၊

(ဂ) ဌာန၊ အဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာမဟာဗျူဟာ (Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(ဃ) မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ စီမံကိန်းရေးဆွဲတင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျတ်ချမှတ်ပေးမှုအရ အဆင့်ဆင့် အကောင်အထည်ဖော်နိုင်ခြင်းတို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ခြင်းဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းစနစ်များနှင့်အညီ ဖြစ်စေရန်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လိုငွေအတွက်ထောက်ပံ့ငွေပေးရာတွင် မူဝါဒကိုအခြေခံ၍ ညွှန်ကိန်း (၆)ခုဖြင့် တွက်ချက်ကာ ထောက်ပံ့ပေးပါသည်။ အဆိုပါညွှန်ကိန်းများမှာ -

(က) ဖွံ့ဖြိုးမှုလိုအပ်ချက် (Development Needs) (တိုက်ရိုက်ဆက်စပ်မှု)

- (၁) စုစုပေါင်းလူဦးရေ (Total Population)
- (၂) ဆင်းရဲမှုညွှန်ကိန်း (Poverty Index)
- (၃) *မြေဧရိယာအကျယ်အဝန်း (Area)

(ခ) ဘဏ္ဍာရေးအကန့်အသတ် (Fiscal Constraints) (ပြောင်းပြန်ဆက်စပ်မှု)

- (၁) *တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြ လူဦးရေပါဝင်မှုအချိုး (Urban Population as percent of total state population)
- (၂) *တစ်ဦးကျအခွန်ကောက်ခံမှု (Per Capita Tax Collection)
- (၃) လူတစ်ဦးချင်းစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)

** ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ အသုံးပြုသည့် ညွှန်ကိန်း (၃)ခု ဖြစ်ပါသည်။*

## ၂၀၁၅-၂၀၁၆ ခုႏွစ္ ဘ႑ာေရးႏွစ္မွ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ

## တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် |
|---|---|---|---|
| နှစ်အလိုက်ဈေးနှုန်းအရ | | | |
| GDP တန်ဖိုး (ကျပ်သန်းပေါင်း) | ၃,၇၅၆,၆၇၄.၆၀၀ | ၃,၅၉၆,၅၃၄.၀၀၀ | ၃,၆၄၇,၂၄၉.၂၀၀ |
| ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | ၆.၂၄ % | ၁.၇၁ % | ၃.၁၄ % |

*မှတ်ချက်။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် (အမှန်စာရင်း)မှ GDP တန်ဖိုးအား အခြေခံ၍ ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) တွက်ချက်ထားပါသည်။*

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ

## တနင်္သာရီတိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ၊ လိုငွေ၊ အခွန်များနှင့် GDP အချိုး



## နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင် ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေး ပုံစံဖော်ထုတ်ရန်၊

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၇။ ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲ ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့် ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ် များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ် ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများ အတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

တနင်္သာရီတိုင်းဒေသကြီးအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက် ကို အထောက်အကူပြုစေရန်အတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ မူဝါဒကို အခြေခံပြီး (Policy Based Budgeting) ဘတ်ဂျက်ရေးဆွဲခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့်မူဝါဒ လုပ်ငန်းစဉ်များမှာ -

၁။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊

၂။ လျှပ်စစ်မီးရရှိရေး၊

၃။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊

၄။ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

၅။ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊

၆။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊

၇။ အမှိုက်သိမ်းစနစ်ကောင်းမွန်ရေး၊

၈။ သောက်သုံးရေရရှိရေး၊

၉။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊

၁၀။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

၁၁။ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊

၁၂။ အငှားအိမ်ရာစီမံကိန်း (ထားဝယ်ဒေသ၊ မြိတ်ဒေသ)၊

၁၃။ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊

၁၄။ ဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး။

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

**စီးပွားရေးနှင့် ဘဏ္ဍာရေး အခြေအနေ**

| | |
|---|---|
| စုစုပေါင်းလူဦးရေ | ၁,၄၀၈,၄၀၁ (ဦး) |
| မြေဧရိယာအကျယ်အဝန်း | ၄၃,၃၄၅ စတုရန်းကီလိုမီတာ |
| စုစုပေါင်းရငွေခန့်မှန်းခြေ | ကျပ် ၁၁,၀၇၆ သန်း |
| စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ | ကျပ် ၁၅၇,၄၆၀ သန်း |
| လိုငွေ | ကျပ် ၁၄၆,၃၈၄ သန်း |
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) စီမံကိန်းရည်မှန်းချက် | ကျပ် ၃,၆၄၇,၂၄၉ သန်း |
| လိုငွေနှင့် GDP အချိုး | ၄.၀၁% |
| အခွန်အကောက်ရငွေ | ကျပ် ၂,၀၄၈ သန်း |
| အခွန်အကောက်ရငွေနှင့် GDP အချိုး | ၀.၀၆% |
| လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) | ကျပ် ၂,၅၀၁,၅၄၃ |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဗဟိုအဖွဲ့အစည်းများနှင့် ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေလျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၁,၆၇၀.၃၇၇ | ၆,၁၁၇.၃၁၈ |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၁,၅၃၉.၃၁၃ | ၅,၈၉၆.၆၈၃ |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | | |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၁၂၈.၄၂၈ | ၂၁၈.၀၀၄ |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၀.၇၅၉ | ၀.၂၅၄ |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၁.၈၇၇ | ၂.၃၇၇ |
| ၂ | | ဝန်ကြီးဌာနများ | ၁,၂၆၅.၆၂၁ | ၁,၆၅၃.၅၀၃ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၃၅၅.၄၀၄ | ၄၉၈.၅၂၀ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၃၅၄.၇၆၂ | ၄၉၇.၈၃၁ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၄၂ | ၀.၀၈၉ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၀.၆၀၀ | ၀.၆၀၀ |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၀၁.၃၂၉ | ၁၁၂.၁၉၇ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၁.၇၈၀ | ၆.၁၅၀ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၉၆.၁၁၄ | ၁၀၂.၂၅၀ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁.၀၁၀ | ၁.၀၁၀ |
| | | ၄။ သမဝါယမဦးစီးဌာန | ၀.၈၈၅ | ၁.၀၂၇ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁.၅၄၀ | ၁.၇၆၀ |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၇၆၉.၀၈၅ | ၉၉၁.၇၉၅ |
| | | ၁။ သစ်တောဦးစီးဌာန | ၇၆၉.၀၈၅ | ၉၉၁.၇၉၅ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၃.၀၀၀ | ၃.၀၀၀ |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၃.၀၀၀ | ၃.၀၀၀ |
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | | |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | | |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄.၇၄၀ | ၄.၇၄၀ |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၄.၇၄၀ | ၄.၇၄၀ |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၀.၀၂၀ | ၀.၀၁၆ |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၀၁၄ | ၀.၀၁၄ |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၆ | ၀.၀၀၂ |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃၂.၀၄၃ | ၄၃.၂၃၅ |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၂.၇၆၇ | ၃၀.၇၂၁ |
| | | ၂။ လမ်းဦးစီးဌာန | ၁၉.၂၇၆ | ၁၂.၅၁၄ |

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၃,၀၉၈.၁၈၄ | ၃,၃၀၄.၇၇၆ |
| | | စုစုပေါင်း (၁ + ၂ + ၃) | ၆,၀၃၄.၁၈၂ | ၁၁,၀၇၅.၅၉၇ |

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော ထောက်ပံ့ငွေများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ အမှန်စာရင်း | ၂၀၁၆-၂၀၁၇ ရှေ့ပြေးအမှန်စာရင်း | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ |
|---|---|---|---|---|
| ၁။ | ပြည်ထောင်စုမှထောက်ပံ့ငွေ | ၁၃၉,၆၉၈.၄၇၀ | ၁၄၃,၆၅၇.၉၈၉ | ၁၄၆,၃၈၄.၂၈၆ |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစု

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ |
|---|---|---|---|
| ၁။ | အခွန်ဝေစု | ၅၃၉.၂၂၃ | ၄,၈၉၆.၆၂၃ |

## တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရငွေရရှိနိုင်မှု ခန့်မှန်းရာခိုင်နှုန်း



## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ကောက်ခံသည့် ဌာန၊ အဖွဲ့အစည်း | ၂၀၁၆-၂၀၁၇ မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေ |
|---|---|---|---|---|---|
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် | | ၂၇၅.၅၈၃ | ၃၆၁.၂၀၆ |
| | ၁ | ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၇၅.၅၈၃ | ၃၆၁.၂၀၆ |
| ၂ | | နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက် | | ၉၁၄.၅၅၅ | ၁၁၉၃.၇၇၇ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅၅.၉၇၄ | ၁၀၈.၇၂၀ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀.၀၅၂ | ၀.၀၅၂ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၇၄၈.၉၅၀ | ၉၆၄.၅၉၀ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၃.၄၆၅ | ၁၈.၁၆၅ |
| | ၅ | အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၉၆.၁၁၄ | ၁၀၂.၂၅၀ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | | ၅၇၃.၉၅၀ | ၄၉၃.၂၅၃ |
| | ၁ | ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၅၀၇.၂၁၆ | ၄၂၆.၅၀၇ |
| | ၂ | ဘီးခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၆၆.၇၃၄ | ၆၆.၇၄၆ |

### ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ




အခြားအခွန်များခေါင်းစဉ်အောက်တွင် ရေခွန်နှင့် တာတမံခွန်၊ ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ အင်းအိုင်ခွန်နှင့် ဘီးခွန်တို့ပါဝင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအား ခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၁၂,၅၀၂.၀၆၀ | ၂၃,၇၆၇.၈၈၅ | ၁၅.၀၉% |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၈,၃၆၉.၀၁၆ | ၂၀,၆၄၉.၉၀၆ | ၁၃.၁၁% |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | ၃,၁၃၉.၃၆၄ | ၁,၅၃၉.၄၅၉ | ၀.၉၈% |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၅၁.၃၀၀ | ၅၁.၃၀၀ | ၀.၀၃% |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၃၀၅.၇၉၅ | ၈၇၅.၂၉၃ | ၀.၅၆% |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၆၃၆.၅၈၅ | ၆၅၁.၉၂၇ | ၀.၄၁% |
| ၂ | | ဝန်ကြီးဌာနများ | ၁၃၁,၃၂၉.၅၇၉ | ၁၂၇,၁၇၃.၉၈၂ | ၈၀.၇၇% |
| | ၁ | <u>ပြည်ထဲရေးဝန်ကြီးဌာန</u> | <u>၇,၃၂၇.၁၈၇</u> | <u>၈,၁၃၅.၇၈၀</u> | <u>၅.၁၇%</u> |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄,၂၆၄.၇၆၁ | ၅,၂၇၆.၄၂၂ | ၃.၃၅% |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၂၄၂.၈၃၅ | ၄၈၅.၁၀၁ | ၀.၃၁% |
| | | ၃။ မီးသတ်ဦးစီးဌာန | ၂,၈၁၉.၅၉၁ | ၂,၃၇၄.၂၅၇ | ၁.၅၁% |
| | ၂ | <u>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန</u> | <u>၂,၂၃၅.၃၆၀</u> | <u>၂,၆၉၀.၄၈၀</u> | <u>၁.၇၁%</u> |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၁,၁၃၃.၃၂၁ | ၁,၄၉၉.၄၆၆ | ၀.၉၅% |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၂၅၇.၅၅၉ | ၃၈၈.၂၆၅ | ၀.၂၅% |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၂၄၆.၂၄၄ | ၂၅၃.၆၆၁ | ၀.၁၆% |
| | | ၄။ သမဝါယမဦးစီးဌာန | ၅၄၃.၃၁၈ | ၄၉၀.၆၀၀ | ၀.၃၁% |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၅၄.၉၁၈ | ၅၈.၄၈၈ | ၀.၀၄% |
| | ၃ | <u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန</u> | <u>၉၀၉.၁၆၈</u> | <u>၂,၂၃၂.၄၁၇</u> | <u>၁.၄၂%</u> |
| | | ၁။ သစ်တောဦးစီးဌာန | ၇၄၅.၈၆၇ | ၁,၈၄၅.၈၉၄ | ၁.၁၇% |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁၆၃.၃၀၁ | ၃၈၆.၅၂၃ | ၀.၂၅% |
| | ၄ | <u>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန</u> | <u>၂၄,၇၂၉.၀၉၇</u> | <u>၃၀,၀၇၈.၆၀၆</u> | <u>၁၉.၁၀%</u> |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၂၄,၇၂၉.၀၉၇ | ၃၀,၀၇၈.၆၀၆ | ၁၉.၁၀% |

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အသုံးစရိတ် ရာခိုင်နှုန်း(%) |
|---|---|---|---|---|---|
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၄၂.၃၀၅ | ၃၇.၀၆၄ | ၀.၀၂% |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | ၄၂.၃၀၅ | ၃၇.၀၆၄ | ၀.၀၂% |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၂,၅၅၀.၀၂၂ | ၁,၂၆၁.၅၁၃ | ၀.၈၀% |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၂,၅၅၀.၀၂၂ | ၁,၂၆၁.၅၁၃ | ၀.၈၀% |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၃၆၃.၆၃၈ | ၆၆၁.၅၉၀ | ၀.၄၂% |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၂၇၉.၂၃၉ | ၄၆၇.၀၈၃ | ၀.၃၀% |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၁၀.၉၁၉ | ၀.၀၇% |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၈၄.၃၉၉ | ၈၃.၅၈၈ | ၀.၀၅% |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉၃,၁၇၂.၈၀၂ | ၈၂,၀၇၆.၅၃၂ | ၅၂.၁၃% |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃,၁၀၃.၆၃၁ | ၉၈၄.၁၄၃ | ၀.၆၃% |
| | | ၂။ လမ်းဦးစီးဌာန | ၉၀,၀၆၉.၁၇၁ | ၈၁,၀၉၂.၃၈၉ | ၅၁.၅၀% |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၇,၅၉၃.၅၄၃ | ၆,၅၁၈.၀၁၆ | ၄.၁၄% |
| | | စုစုပေါင်း (၁ + ၂ + ၃) | ၁၅၁,၄၂၅.၁၈၂ | ၁၅၇,၄၅၉.၈၈၃ | ၁၀၀% |

*ဗဟိုစာရင်းအင်းအဖွဲ့သည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်လာခြင်း ဖြစ်ပါသည်။*

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်၏ စုစုပေါင်း အသုံးစရိတ်ပေါ်တွင် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း




ဌာန၊ အဖွဲ့အစည်းများအလိုက် ခွဲဝေပေးထားသည့် အသုံးစရိတ် (ရာခိုင်နှုန်း)




အစိုးရအဖွဲ့တွင် ခွဲဝေပေးထားသော အသုံးစရိတ် (ရာခိုင်နှုန်း)

## အခြား ၄.၃၄% တွင်ပါဝင်သည့် ဌာနအဖွဲ့အစည်းများ

| | | | | | |
|---|---|---|---|---|---|
| ၁။ | တရားလွှတ်တော်ရုံး | ၀.၀၃ % | ၉။ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၀၄ % |
| ၂။ | ဥပဒေချုပ်ရုံး | ၀.၅၆ % | ၁၀။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀.၂၅ % |
| ၃။ | စာရင်းစစ်ချုပ်ရုံး | ၀.၄၁ % | ၁၁။ | ကုန်တင်ကုန်ချကော်မတီရုံး | ၀.၀၂ % |
| ၄။ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၃၁ % | ၁၂။ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၃၀ % |
| ၅။ | စိုက်ပျိုးရေးဦးစီးဌာန | ၀.၉၅ % | ၁၃။ | ဗဟိုစာရင်းအင်းအဖွဲ့ | ၀.၀၇ % |
| ၆။ | ငါးလုပ်ငန်းဦးစီးဌာန | ၀.၂၅ % | ၁၄။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၅ % |
| ၇။ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၀.၁၆ % | ၁၅။ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၀.၆၃ % |
| ၈။ | သမဝါယမဦးစီးဌာန | ၀.၃၁ % | | | |

မှတ်ချက်။ **အစိုးရအဖွဲ့၏ အသုံးစရိတ်တွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ**

(၁) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

(၂) ဆည်မြောင်း = ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၃) ရေမြစ်ဖြိုး = ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၄) မိုးဇလ = မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(၅) စက်မှုလယ်ယာ = စက်မှုလယ်ယာဦးစီးဌာန

(၆) နတလ = နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၇) အလုပ်သမား = မြို့နယ်အလုပ်သမားရေးရာ အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ ထောက်ပံ့ငွေ

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများစာရင်း

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် |
|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး |
| ၂ | | **ဝန်ကြီးဌာနများ** |
| | ၁ | <u>ပြည်ထဲရေးဝန်ကြီးဌာန</u> |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| | | ၃။ မီးသတ်ဦးစီးဌာန |
| | ၂ | <u>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန</u> |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| | | ၄။ သမဝါယမဦးစီးဌာန |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| | ၃ | <u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန</u> |
| | | ၁။ သစ်တောဦးစီးဌာန |
| | | ၂။ ပတ်ဝန်းကျင်ဦးစီးဌာန |
| | ၄ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| | ၅ | <u>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန</u> |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး |
| | ၆ | <u>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန</u> |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန |
| | ၇ | <u>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန</u> |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| | ၈ | <u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u> |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန |
| | | ၂။ လမ်းဦးစီးဌာန |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | သုံးငွေ | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၆,၁၁၇.၃၁၈** | **၂၃,၇၆၇.၈၈၅** | **-၁၇,၅၆၀.၅၆၇** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၅,၈၉၆.၆၈၃ | ၂၀,၆၄၉.၉၀၆ | -၁၄,၇၅၃.၂၂၃ |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | | ၁,၅၃၉.၄၅၉ | -၁,၅၃၉.၄၅၉ |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၂၁၈.၀၀၄ | ၅၁.၃၀၀ | +၁၆၆.၇၀၄ |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၀.၂၅၄ | ၈၇၅.၂၉၃ | -၈၇၅.၀၃၉ |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၂.၃၇၇ | ၆၅၁.၉၂၇ | -၆၄၉.၅၅၀ |
| ၂ | | **ဝန်ကြီးဌာနများ** | **၁,၆၅၃.၅၀၃** | **၁၂၇,၁၇၃.၉၈၂** | **-၁၂၅,၅၂၀.၄၇၉** |
| | ၁ | <u>ပြည်ထဲရေးဝန်ကြီးဌာန</u> | <u>၄၉၈.၅၂၀</u> | <u>၈,၁၃၅.၇၈၀</u> | <u>-၇,၆၃၇.၂၆၀</u> |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၉၇.၈၃၁ | ၅,၂၇၆.၄၂၂ | -၄,၇၇၈.၅၉၁ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၈၉ | ၄၈၅.၁၀၁ | -၄၈၅.၀၁၂ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၀.၆၀၀ | ၂,၃၇၄.၂၅၇ | -၂,၃၇၃.၆၅၇ |
| | ၂ | <u>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန</u> | <u>၁၁၂.၁၉၇</u> | <u>၂,၆၉၀.၄၈၀</u> | <u>-၂,၅၇၈.၂၈၃</u> |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၆.၁၅၀ | ၁,၄၉၉.၄၆၆ | -၁,၄၉၃.၃၁၆ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၁၀၂.၂၅၀ | ၃၈၈.၂၆၅ | -၂၈၆.၀၁၅ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁.၀၁၀ | ၂၅၃.၆၆၁ | -၂၅၂.၆၅၁ |
| | | ၄။ သမဝါယမဦးစီးဌာန | ၁.၀၂၇ | ၄၉၀.၆၀၀ | -၄၈၉.၅၇၃ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁.၇၆၀ | ၅၈.၄၈၈ | -၅၆.၇၂၈ |
| | ၃ | <u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန</u> | <u>၉၉၁.၇၉၅</u> | <u>၂,၂၃၂.၄၁၇</u> | <u>-၁,၂၄၀.၆၂၂</u> |
| | | ၁။ သစ်တောဦးစီးဌာန | ၉၉၁.၇၉၅ | ၁,၈၄၅.၈၉၄ | -၈၅၄.၀၉၉ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃၈၆.၅၂၃ | -၃၈၆.၅၂၃ |
| | ၄ | <u>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန</u> | <u>၃.၀၀၀</u> | <u>၃၀,၀၇၈.၆၀၆</u> | <u>-၃၀,၀၇၅.၆၀၆</u> |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၃.၀၀၀ | ၃၀,၀၇၈.၆၀၆ | -၃၀,၀၇၅.၆၀၆ |
| | ၅ | <u>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန</u> | | <u>၃၇.၀၆၄</u> | <u>-၃၇.၀၆၄</u> |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | | ၃၇.၀၆၄ | -၃၇.၀၆၄ |
| | ၆ | <u>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန</u> | <u>၄.၇၄၀</u> | <u>၁,၂၆၁.၅၁၃</u> | <u>-၁,၂၅၆.၇၇၃</u> |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၄.၇၄၀ | ၁,၂၆၁.၅၁၃ | -၁,၂၅၆.၇၇၃ |
| | ၇ | <u>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန</u> | <u>၀.၀၁၆</u> | <u>၆၆၁.၅၉၀</u> | <u>-၆၆၁.၅၇၄</u> |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၀၁၄ | ၄၆၇.၀၈၃ | -၄၆၇.၀၆၉ |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၁၀.၉၁၉ | -၁၁၀.၉၁၉ |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၂ | ၈၃.၅၈၈ | -၈၃.၅၈၆ |
| | ၈ | <u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u> | <u>၄၃.၂၃၅</u> | <u>၈၂,၀၇၆.၅၃၂</u> | <u>-၈၂,၀၃၃.၂၉၇</u> |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၀.၇၂၁ | ၉၈၄.၁၄၃ | -၉၅၃.၄၂၂ |
| | | ၂။ လမ်းဦးစီးဌာန | ၁၂.၅၁၄ | ၈၁,၀၉၂.၃၈၉ | -၈၁,၀၇၉.၈၇၅ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၃,၃၀၄.၇၇၆** | **၆,၅၁၈.၀၁၆** | **-၃,၂၁၃.၂၄၀** |
| | | စုစုပေါင်း (၁ + ၂ + ၃) | ၁၁,၀၇၅.၅၉၇ | ၁၅၇,၄၅၉.၈၈၃ | -၁၄၆,၃၈၄.၂၈၆ |

# တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

## တိုင်းဒေသကြီးလမ်းဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | ခရိုင်အမည် | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ထားဝယ်ခရိုင် | ၃၂,၃၂၈.၈၀၀ |
| ၂။ | မြိတ်ခရိုင် | ၃၅,၃၁၂.၁၈၈ |
| ၃။ | ကော့သောင်းခရိုင် | ၁၂,၀၉၃.၂၉၀ |

## တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်း









## တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

### စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)

| စဉ် | ခရိုင်အမည် | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ထားဝယ်ခရိုင် | ၁,၉၅၀.၈၀၄ |
| ၂။ | မြိတ်ခရိုင် | ၁,၉၀၇.၆၈၉ |
| ၃။ | ကော့သောင်းခရိုင် | ၁,၁၉၈.၉၅၀ |

*၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ်အတွင်း လမ်း၊ တံတားအတွက် ကျပ် ၃,၃၈၆.၈၄၈ သန်း သုံးစွဲပါမည်။*

### စည်ပင်သာယာရေးအဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်း









## တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

### တိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ကောက်နုတ်ချက်)

| စဉ် | ခရိုင်အမည် | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁။ | ထားဝယ်ခရိုင် | ၁၈,၁၄၃.၀၉၉ |
| ၂။ | မြိတ်ခရိုင် | ၇,၉၂၄.၁၄၅ |
| ၃။ | ကော့သောင်းခရိုင် | ၄,၀၀၈.၃၂၀ |

### တိုင်းဒေသကြီးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်မှတ်တမ်း









## တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်ဒေသ၊ မြိတ်ဒေသ အငှားအိမ်ရာစီမံကိန်း ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

**တိုင်းဒေသကြီးအစိုးရအဖွဲ့ (ကောက်နုတ်ချက်)**

တိုင်းဒေသကြီးအတွင်း မြို့ပြလူနေမှုအဆင့် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် တိုးပွားလာမည့် ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် အဆင့်အတန်းမှီပြီး တန်ဖိုးနည်းသည့် အငှားအိမ်ရာများအား ဆောက်လုပ်ပြီး ငှားရမ်းချထားနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ကျပ် ၅ ဘီလီယံ လျာထားဆောင်ရွက်သွားပါမည်။





ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါ သည် -


| | | |
|---|---|---|
| ဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၅၉၀၁၂၀၀၅ |
| ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊<br>တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၃၅၃၄<br>၀၉-၅၀၂၈၃၈၈ |

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ email သို့မဟုတ် ရုံးလိပ်စာသို့ ပေးပို့နိုင်ပါသည်-

email: taninthayibudget@gmail.com

**ရုံးလိပ်စာ၊** တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး
ဆန်းချီရပ်၊ ထားဝယ်မြို့။ ၀၅၉ - ၂၀၂၃၉၀၄၊ ၂၀၂၃၇၃၁

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ

ထုတ်ဝေပါသည်။

အုပ်ရေ - ၁၅၀၀